**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး**

**ဗဟိုကော်မတီ**

အမိန့်ကြော်ငြာစာအမှတ် ၀၀၁ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ပမှ တင်သွင်းသုံးစွဲနေရသည့် စက်သုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း ကဏ္ဍကို ပိုမိုထိရောက်စွာ ထိန်းကျောင်း ကိုင်တွယ် ဆောင်ရွက်နိုင်ရေး၊ တင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးပြည့်မီရေးနှင့် ပြည်သူများ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ကြီးကြပ်ကွပ်ကဲခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနနှင့် ပုဂ္ဂလိက ကဏ္ဍမှ သက်ဆိုင်ရာ Stake Holder များပါဝင်သည့် **"စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန | အဖွဲ့ဝင် |

(ဆ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
စွမ်းအင်ဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၂။ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ လျော့နည်းနစ်နာမှု မရှိစေရေးနှင့် ဈေးနှုန်းများ စနစ်တကျ ရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်။

(ခ) ပြည်ပမှ စက်သုံးဆီ တင်သွင်းခွင့် လိုင်စင်လျှောက်ထားခြင်း၊ တင်သွင်းခွင့် လိုင်စင်ခွင့်ပြုခြင်းနှင့် တင်သွင်းလာသော စက်သုံးဆီများ သိုလှောင်ခြင်း၊ ရောင်းချခြင်း ဖြန့်ဖြူးခြင်းများအား စနစ်တကျရှိစေရေး ကြပ်မတ် ဆောင်ရွက်ရန်။

(ဂ) သတ်မှတ်ထားရှိသည့် စံချိန်စံညွှန်းပြည့်မီသည့် စက်သုံးဆီများကိုသာ တင်သွင်း လာစေရေး ကြီးကြပ်ဆောင်ရွက်ရန်။

(ဃ) ပြည်ပမှ တင်သွင်းလာသည့် စက်သုံးဆီ သင်္ဘောများ ဆိပ်ကမ်းဝင်ရောက်ရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်။

(င) စက်သုံးဆီ သိုလှောင်ကန်စခန်းများသို့ စက်သုံးဆီ အမျိုးအစားအလိုက် နေ့စဉ် တင်သွင်းရောက်ရှိမှု၊ နေ့စဉ်လက်ကျန်ပမာဏနှင့် လက်ကျန်အပေါ် သုံးစွဲနိုင်မည့်ရက် ဖူလုံမှုတို့အား စောင့်ကြည့် ကြပ်မတ် ဆောင်ရွက်ရန်။

(စ) စက်သုံးဆီ အရည်အသွေးနှင့် ပတ်သက်၍သော်လည်းကောင်း၊ အခြားထူးခြားမှု ရှိလျှင်သော်လည်း ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီသို့ ချက်ချင်း သတင်းပို့တင်ပြရန်။

(ဆ) စက်သုံးဆီသိုလှောင်ကန်စခန်းများမှ ထုတ်ယူဖြန့်ဖြူးပေးနေချိန်အတွင်း အရည်အသွေးပိုင်း မှန်ကန်မှု ရှိ/မရှိကို အခါအားလျော်စွာ စိစစ်ပေးရန်။

(ဇ) ပြည်ပမှ တင်သွင်းလာသည့် စက်သုံးဆီသင်္ဘောများ ဝင်ရောက်မှုကို တင်သွင်းသည့် ကုမ္ပဏီအမည်၊ တင်သွင်းသည့်နိုင်ငံ၊ တန်ချိန်၊ လိုင်စင်အမှတ်နှင့် ရက်စွဲများ ဖော်ပြ၍ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီသို့ တင်ပြနိုင်ရန်အတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီသို့ နေ့စဉ်တင်ပြရန်။

( ဈ )　စက်သုံးဆီသိုလှောင်ကန်စခန်းများရှိ သိုလှောင်ထားရှိသည့် ပမာဏကို ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီသို့ နေ့စဉ်တင်ပြရန်နှင့် သိုလှောင်ထားရှိမှုများကို အခါအားလျော်စွာ စစ်ဆေးဆောင်ရွက်ရန်။

(ည)　စက်သုံးဆီ တင်သွင်းမှု၊ ဖြန့်ဖြူးမှု၊ သိုလှောင်မှု၊ ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ဈေးကစားလိုသည့် လုပ်ဆောင်မှုများနှင့် မသမာသော ရည်ရွယ်ချက်ဖြင့် ရောနှောရောင်းချမှုများ ရှိလာပါက အရေးယူနိုင်ရေး Traceability Record ထား၍ ကြီးကြပ်သွားရန်။

ပုံ

မြထွန်းဦး
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်
မြန်ဆန်စေရေးဗဟိုကော်မတီ

စာအမှတ် ၊ စာအမှတ် ၊ ကစမ(ဗဟို)/၁/ ၁-၀၂/ ၂၀၂၃( ၀၉၄ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွံ့ဖြိုးရေးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း

မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်

အမိန့်အရ

မင်းမင်း

အတွင်းရေးမှူး

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်

မြန်ဆန်စေရေးဗဟိုကော်မတီ